# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# တပ်မတော်ဆိုင်ရာသယ်ယူပို့ဆောင်ရေးအသုံးပြုခြင်းဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၃၀/၂၀၁၀)
## ၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
## (၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည်အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တပ်မတော်ဆိုင်ရာသယ်ယူပို့ဆောင်ရေးအသုံးပြုခြင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောစကားရပ်များသည် အောက်ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **လမ်း**ဆိုသည်မှာ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေအရ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်ထား သော လမ်းနှင့် ယင်းလမ်း၏နယ်နိမိတ် သို့မဟုတ် လမ်းမကြီးနှင့် ယင်းလမ်းမကြီး၏နယ်နိမိတ်ကိုဆိုသည်။

(ခ) **တံတား**ဆိုသည်မှာ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေအရ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်သော တံတားကို ဆိုသည်။

(ဂ) **ရေဆိပ်**ဆိုသည်မှာ ပင်လယ်ဆိပ်ခံတံတား၊ သင်္ဘောကပ်ရန်တံတား၊ ဆိပ်ကမ်း၊ ဆိပ်ခံတံတား၊ ရေယာဉ်ဆိုက်ကပ်ရန် သတ်မှတ်ထားသော နေရာကို ဆိုသည်။

(ဃ) **ယာဉ်**ဆိုသည်မှာ စက်စွမ်းအားဖြင့်ဖြစ်စေ၊ စွမ်းအင်တစ်မျိုးမျိုးဖြင့်ဖြစ်စေ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းတွင် မောင်းနှင်သွားလာသည့်ယာဉ် တစ်မျိုးမျိုးကို ဆိုသည်။

(င) **အသုံးပြုခ**ဆိုသည်မှာ သတ်မှတ်ထားသော အခွန်အကောက်ငွေ၊ သတ်မှတ်သည့်နှုန်းထား၊ ငှားရမ်းခ၊ အခကြေးငွေနှင့် တောင်းဆိုသည့် စရိတ်စကတို့ကို ဆိုသည်။

(စ) **စစ်မှုထမ်း**ဆိုသည်မှာ တပ်မတော်အရာထမ်း၊ အမှုထမ်းအားလုံးကို ဆိုသည်။

၃။ အောက်ဖော်ပြပါလူပုဂ္ဂိုလ်များ၊တိရစ္ဆာန်များနှင့်ပစ္စည်းများသည် သယ်ယူပို့ဆောင်ရေးအသုံးပြုခြင်းဆိုင်ရာ အသုံးပြုခ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိရမည်-

(က) လူပုဂ္ဂိုလ်များ

(၁) စစ်မှုထမ်းများ၊

(၂) တပ်မတော်၏အစိတ်အပိုင်းတစ်ခုခုက တာဝန်ပေးအပ်ခြင်းခံရသူများ၊

(၃) တပ်မတော်၏အစိတ်အပိုင်းတစ်ခုခုတွင် အမှုထမ်းရွက်နေသူများ၊

(၄) တပ်မတော်၏အစိတ်အပိုင်းတစ်ခုခုနှင့် လိုက်ပါလာကြသူများ၊

(၅) စစ်မှုထမ်း၏ မိသားစုဝင်များ၊



Myanmar Law Information System (MLIS)

(၆) စစ်ဘက်အစောင့်အရှောက်နှင့် ခေါ်ဆောင်လာသော အချုပ်သားများ။

(ခ) တိရစ္ဆာန်များ

(၁) တပ်မတော်ပိုင်သော သို့မဟုတ် တပ်မတော်က အသုံးပြုသော ဝန်တင်တိရစ္ဆာန်များနှင့် ခွေးများ၊

(၂) စစ်မှုထမ်းများကို ကျွေးမွေးရန်အတွက် သယ်ဆောင်လာသည့် တိရစ္ဆာန်အားလုံး။

(ဂ) ပစ္စည်းများ

(၁) နိုင်ငံတော်ပိုင်၊တပ်မတော်ပိုင် သို့မဟုတ် စစ်မှုထမ်းပိုင် ပစ္စည်းများ၊

(၂) တပ်မတော်ပိုင် ယာဉ်တစ်မျိုးမျိုး၊

(၃) တပ်မတော်အတွက် ငှားရမ်းအသုံးပြုသော ယာဉ်တစ်မျိုးမျိုး။

၄။ ပုဒ်မ ၃ ပါ လူပုဂ္ဂိုလ်များကသော်လည်းကောင်း၊ တိရစ္ဆာန်များနှင့် ပစ္စည်းများကိုသော်လည်းကောင်း တာဝန်အရဖြစ်စေ၊ လေ့ကျင့်ရေးသင်တန်းများအတွက်ဖြစ်စေ ရေဆိပ်၊ လေဆိပ်၊ ကားဂိတ်၊ ဘူတာရုံနှင့် ယင်းတို့၏ပရိဝုဏ် နယ်မြေများ၊ လမ်း နှင့်တံတားများ၊ ကူးတို့ရေယာဉ်များ အသုံးပြုခြင်းတို့အတွက် အသုံးပြုခ ကောက်ခံခြင်းမပြုရ။

၅။ ပုဒ်မ ၃ ပါ လူပုဂ္ဂိုလ်၊ တိရစ္ဆာန်နှင့်ပစ္စည်းများ လိုက်ပါသယ်ဆောင်လာသည့်ယာဉ်သည် တပ်မတော်ပိုင် သို့မဟုတ် တပ်မတော် အတွက် ငှားရမ်းအသုံးပြုသည့် ယာဉ်မဟုတ်ပါက သတ်မှတ်ထားသည့် အသုံးပြုခ ပေးဆောင်ရမည်။

၆။ ပုဒ်မ ၄ ပါ နေရာများ၌ နိုင်ငံတော်ပိုင်၊ တပ်မတော်ပိုင် သို့မဟုတ် စစ်မှုထမ်းပိုင်ပစ္စည်းများအား တပ်အစီ အစဉ်ဖြင့် ယာဉ်ပေါ်တင်ခြင်း၊ ယာဉ်ပေါ်မှ ချခြင်းကိုပြုလုပ်ရာတွင် မည်သည့်အခွန်အခမျှ ကောက်ခံခြင်းမပြုရ။

၇။ မည်သူမဆို ပုဒ်မ ၄ သို့မဟုတ် ပုဒ်မ ၆ကို ဆန့်ကျင်၍ အသုံးပြုခကောက်ခံကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ် ပြန်နိုင်သည်။

၉။ The Tolls (Army) Act. ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ)သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

Myanmar Law Information System (MLIS)